ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ မဗဘ/ MP/FIR/ ဘဏ်စိစစ်/ ၁ (၂/၂၀၂၁)

ရက်စွဲ ၊ ၂၀၂၁ ခုနှစ် ၊ ဇွန် လ ၂၂ ရက်

**အမှာစာ**

အကြောင်းအရာ။ **COVID - 19 ကာလအတွင်း ချေးငွေပေးဆပ်မှု(အရင်းနှင့်အတိုး)များ ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အကြောင်းကြားခြင်း**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၁-၁၂-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ မဗဘ/ MP/FIR/ ဘဏ်စိစစ်/ ၁ (၅/၂၀၂၀)

၁။ ကူးစက်မြန် COVID-19 ရောဂါကာလအတွင်း အများပြည်သူအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလျော့နည်း၍ စီးပွားရေးအခြေအနေ ခက်ခဲကြပ်တည်းမှုများ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် ယင်းကာလအတွင်း ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ချေးငွေရယူသူများထံမှ ချေးငွေအရင်းနှင့်အတိုးများ ကောက်ခံရာတွင် ချေးငွေရယူသူများနှင့်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် ချေးငွေအရင်းနှင့်အတိုးများ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုများအပေါ် ပျက်ကွက်ကြေးများ (Default Charges) ထပ်ဆောင်းကောက်ခံခြင်းကို ၃၀-၃-၂၀၂၁ ရက်နေ့အထိ မပြုလုပ်ကြရန် ရည်ညွှန်းချက်ပါ အမှာစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ လက်ရှိအချိန်တွင် COVID-19 ရောဂါပြန်လည်ဖြစ်ပွားလျက်ရှိသဖြင့် ချေးငွေအရင်းနှင့်အတိုးများ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုများအပေါ် ပျက်ကွက်ကြေးများ (Default Charges) ထပ်ဆောင်းကောက်ခံခြင်း မပြုလုပ်ရမည့်ကာလကို ၃၁-၁၂-၂၀၂၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်သတ်မှတ်ပါကြောင်း အကြောင်းကြားပါသည်။

(ပုံ)xxxxxxxxxxxx

ဒုတိယဥက္ကဋ္ဌ(ကိုယ်စား)

(တင်မိုးမိုး၊ ညွှန်ကြားရေးမှူးချုပ်)

**ဖြန့်ဝေခြင်း**

ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

မိတ္တူကို

- ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ရုံးလက်ခံ/ မျှောစာတွဲ